# မြန်မာနိုင်ငံ စက်မှုဖွံ့ဖြိုးတိုးတက်မှုအတွက် စက်မှုသင်တန်းကျောင်းများ၏ အရေးပါမှုနှင့် လူငယ်များ၏ အခွင့်အလမ်း

ကိုချင်း

**မြန်မာနိုင်ငံသည် စက်မှုခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းချက်ထားရှိပြီး ဆောင်ရွက်လျက်ရှိရာ ယင်းအတွက် မရှိမဖြစ်လိုအပ်သောအချက်မှာ ကျွမ်းကျင်သော လုပ်သားအင်အားစုပင်ဖြစ်ပါသည်။ စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စက်မှုသင်တန်းကျောင်းများ (Industrial Training Centers – ITCs) သည် နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရာနေရာများဖြစ်ပါသည်။**

စက်မှုဝန်ကြီးဌာနသည် စက်မှုဖွံ့ဖြိုးရေးတွင် ကမ္ဘာ့အဆင့်မီသော ကျွမ်းကျင်မှုလုပ်သားများ မွေးထုတ်နိုင်ရန် ဂျာမနီနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့၏ အကူအညီဖြင့် အောက်ပါစက်မှုသင်တန်းကျောင်း ရှစ်ကျောင်းကို ဖွင့်လှစ်ထားရှိပါသည် –

(၁) အမှတ်(၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ)
(၂) အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)
(၃) အမှတ်(၃) စက်မှုသင်တန်းကျောင်း (သာဂရ)
(၄) အမှတ်(၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ)
(၅) အမှတ်(၅) စက်မှုသင်တန်းကျောင်း (မကွေး)
(၆) အမှတ်(၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ)
(၇) အမှတ်(၇) စက်မှုသင်တန်းကျောင်း (မုံရွာ)
(၈) အမှတ်(၈) စက်မှုသင်တန်းကျောင်း (သထုံ)

အမှတ်(၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) တွင် စက်မှုကျွမ်းကျင် နှစ်နှစ်သင်တန်းကို ဖွင့်လှစ်ထားပြီး အခြားသင်တန်းကျောင်း ခုနစ်ကျောင်းတွင် စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းတို့ ဆောင်ရွက်လျက်ရှိသည့်အပြင် ကျွမ်းကျင်မှုအခြေပြု ကာလတို သုံးလသင်တန်းသင်ကြားပေးခြင်း၊ စက်မှုသင်တန်းကျောင်းများမှ စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်းများကို နှစ်ပတ်ကြာဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လိုက်လံဖွင့်လှစ် သင်ကြားပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

စက်မှုကျွမ်းကျင် တစ်နှစ်/ နှစ်နှစ် သင်တန်းများကို KG+12ပြီးမြောက်သူများ တက်ရောက်နိုင်ပြီး စက်မှုနည်းပညာဘာသာရပ် ၁၆ မျိုးဖြစ်သည့် **စက်ကိရိယာကိုင်တွယ် မောင်းနှင်မှုသင်တန်း (Machine Tools Operator)၊ စက်ရုံပစ္စည်းဖစ်တာသင်တန်း (Machinery Fitter)၊ ကိရိယာနှင့် ပုံနှိပ်ပုံပြုလုပ်သူသင်တန်း (Tools and Die Maker)၊ မော်တော်ယာဉ်စက်ပြင်သင်တန်း (Automobile Mechanic)၊ လျှပ်စစ်ပညာသည်သင်တန်း (Electrician)၊ ပုံသွင်းပုံလောင်းပြုလုပ်မှုသင်တန်း (Pattern Maker)၊ စက်မှုပုံဆွဲသင်တန်း (Mechanical Draughtsman)၊ ကွန်ပျူတာသုံး ဒီဇိုင်းထုတ်လုပ်သူသင်တန်း (CAD/CAM)၊ ဂဟေဆက်သင်တန်း (Welder)၊ အီလက်ထရွန်နစ်ပညာသည် သင်တန်း (Electronics Mechanic)၊ ကွန်ပျူတာသုံးစက်ခုတ်စားမှု စက်ကိရိယာကိုင်တွယ်မောင်းနှင်မှုသင်တန်း (CNC Operator)၊ သံရည်ကျိုသင်တန်း (Foundry Man)၊ သတင်းအချက်အလက်နှင့် နည်းပညာသင်တန်း (Information Technology)၊ ရေခဲသေတ္တာနှင့် လေအေးပေးစက်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း (Refrigeration & Air Conditioning Trade)၊ အဝတ်အထည်ချုပ်လုပ်မှုသင်တန်း (Apparel Manufacturing)၊ ရော်ဘာနည်းပညာသင်တန်း (Rubber Technology)** တို့ကို သင်ကြားပေးလျက်ရှိပြီး စက်မှုဝန်ကြီးဌာန၏ ပညာသင်ထောက်ပံ့ကြေးဖြင့် တက်ရောက်ခွင့်ရရှိရန်လည်း လျှောက်ထားနိုင်သည့် အခွင့်အရေးများရှိပါသည်။


အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)။

အဆိုပါ စက်မှုကျွမ်းကျင် တစ်နှစ်/ နှစ်နှစ် သင်တန်းကို ကျန်းမာရေးကောင်းမွန်ပြီး စက်မှုဝါသနာပါသူများ လျှောက်ထားနိုင်ပြီး လျှောက်ထားသူများသည် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများဖြစ်ပါက လျှောက်ထားခွင့်ရှိပါသည်–

(က) တက္ကသိုလ်ဝင်တန်း(ဒသမတန်း) သင်ယူ/ ဖြေဆိုပြီးသူ (သို့မဟုတ်) စနစ်သစ်ပညာရေး၏ KG+12 သင်ယူပြီးမြောက်သူဖြစ်ရမည်။
(ခ) သင်တန်းစတင် ဖွင့်လှစ်သည့်နေ့ရက်တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၂၅ နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား (ကျား/မ) ဖြစ်ရမည်။
(ဃ) အိမ်ထောင်မရှိသူ (လူပျို/အပျို) ဖြစ်ရမည်။
(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(စ) သင်တန်းမှ ချမှတ်ထားသော ဝန်ခံကတိစည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ပြီး သင်တန်းကို ပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။

အထက်ပါအချက်များနှင့် ကိုက်ညီပြီး လျှောက်ထားလိုပါက စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနရှိသင်တန်းကျောင်းများကြီးကြပ်ရေးဌာနသို့ လည်းကောင်း၊ သက်ဆိုင်ရာ စက်မှုသင်တန်းကျောင်းများသို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပြီး သင်တန်းဖွင့်လှစ်မည့်အကြောင်းကို နိုင်ငံပိုင်သတင်းစာများ၊ ဝန်ကြီးဌာန Website များတွင် ကြော်ငြာထည့်သွင်းပါသည်။

ကျွမ်းကျင်မှုအခြေပြု ကာလတို သုံးလသင်တန်းများကို KG+9 ပြီးမြောက်သူများ တက်ရောက်နိုင်ပြီး စက်မှုနည်းပညာဘာသာရပ်လေးမျိုးဖြစ်သည့် **လျှပ်စစ်ဂဟေဆက်သင်တန်း (Metal Arc Welding/Manual Metal Arc Welding)၊ ဓာတ်ငွေ့ဂဟေဆက်သင်တန်း (Metal Inert Gas / Metal Active Gas)၊ မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်း (Motorcycle Mechanic)၊ စိုက်ပျိုးရေးသုံးစက်ပြင်သင်တန်း (Small Farm Engine Mechanic)** တို့ကို သင်ကြားပေးပါသည်။

စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်းများကို KG+5 ပြီးမြောက်သူများအား လေ့ကျင့်သင်ကြားပေးလျက်ရှိရာ စက်မှုနည်းပညာဘာသာရပ်လေးမျိုးဖြစ်သည့် **အခြေခံစက်ပြင်သင်တန်း၊ အခြေခံလျှပ်စစ်သင်တန်း၊ အခြေခံဂဟေဆက်သင်တန်း၊ အခြေခံမော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းခြင်း သင်တန်း**တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ ကျေးလက်နှင့် ဝေးလံသောဒေသများရှိ လူငယ်များပါ အခြေခံကျွမ်းကျင်မှုများရရှိစေရန် သင်တန်းကျောင်းများမှ ဆရာများသည် ဒေသအသီးသီးသို့ သွားရောက်၍ နှစ်ပတ်ကြာ သင်တန်းများပို့ချပေးခြင်းဖြစ်ပါသည်။ ဤသည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းလူ့စွမ်းအားဖွံ့ဖြိုးရေးအတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ပင်ဖြစ်ပါသည်။

**စက်မှုဖွံ့ဖြိုးရေး၏ အုတ်မြစ်**

စက်မှုသင်တန်းကျောင်းများသည် မြန်မာနိုင်ငံ၏ စက်မှုဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာသော အုတ်မြစ်တစ်ရပ်ပင်ဖြစ်ပါသည်။ လျှပ်စစ်၊ စက်ပစ္စည်းများ၊ သံမဏိလုပ်ငန်း၊ ဆောက်လုပ်ရေးစသည့် ကဏ္ဍအသီးသီးအတွက် လိုအပ်သော ကျွမ်းကျင်အလုပ်သမားများကို ဤသင်တန်းကျောင်းများမှတစ်ဆင့် မွေးထုတ်ပေးနေခြင်း ဖြစ်ပါသည်။ လက်တွေ့အသုံးချနည်းပညာများနှင့် ခိုင်မာသော အခြေခံအသိပညာများဖြင့် လူငယ်များအား ပြင်ဆင်သင်ကြားပေးခြင်းဖြင့် စက်ရုံများ၊ စက်မှုဇုန်များ၏ လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

**လူငယ်များ၏ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ တိုးတက်စေခြင်း**

စက်မှုသင်တန်းကျောင်းများသည် လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများနှင့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုနေပါသည်။ ဤသင်တန်းများမှ သင်တန်းဆင်းသူများသည် **သီအိုရီအသိပညာနှင့် လက်တွေ့ကျွမ်းကျင်မှု** နှစ်မျိုးလုံးကို ပိုင်ဆိုင်ထားပြီးဖြစ်သဖြင့် လုပ်ငန်းခွင်အတွင်း ချက်ချင်းလက်ငင်း ဝင်ရောက်လုပ်ကိုင်နိုင်စွမ်းရှိကြပါသည်။ **အဆင့်မြင့်ပညာရေးအတွက် အခြေအနေအမျိုးမျိုးကြောင့် အခွင့်အရေးမရခဲ့သူများအတွက်မူ ဤသင်တန်းစနစ်သည် ပညာရေးနှင့် အလုပ်အကိုင်တို့အကြားရှိ ချိတ်ဆက်ရာ တံတားကြီးတစ်စင်း** ဖြစ်စေပါသည်။

**စက်မှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း**

စက်မှုသင်တန်းကျောင်းများသည် လက်တွေ့လုပ်ငန်းခွင်စက်ရုံများနှင့် မိတ်ဖက်ပြု၍ On-the-Job Training (OJT) နှင့် Apprenticeship စနစ်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဤကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများသည် ထုတ်လုပ်မှုစွမ်းအားကို တိုးတက်စေရုံသာမက နည်းပညာအကူးအပြောင်း (Technology Transfer) ကိုပါ အထောက်အကူဖြစ်စေပါသည်။ သင်တန်းပြီးဆုံးသူတိုင်းသည် လုပ်ငန်းခွင်သို့ တစ်ပြိုင်နက် ဝင်ရောက်နိုင်သော အဆင်သင့်ဖြစ်သည့် နည်းပညာရှင်များ (Job-ready Technicians) အဖြစ် ရပ်တည်နိုင်ကြပါသည်။

**နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှု**

မြန်မာနိုင်ငံရှိ စက်မှုသင်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းများသည် အမျိုးသားကျွမ်းကျင်မှုစံနှုန်းအဖွဲ့ (NSSA) နှင့် ASEAN အရည်အချင်း အသိအမှတ်ပြုမှု မူဘောင် (ASEAN Qualifications Reference Framework – AQRF) တို့နှင့် ကိုက်ညီအောင် ရေးဆွဲထားပါသည်။ ဂျာမနီနိုင်ငံ၏ နှစ်မျိုးလေ့ကျင့်သင်တန်းစနစ် (Dual Training Model) သီအိုရီ (၃၀ ရာခိုင်နှုန်း) နှင့် လက်တွေ့ (၇၀ ရာခိုင်နှုန်း)ကို ကျင့်သုံးထားပြီး သီအိုရီနှင့် လက်တွေ့မျှတစွာ သင်ကြားပေးနေပါသည်။ ဤသို့ဖြင့် ဤသင်တန်းကျောင်းများမှ ဘွဲ့ရသူများသည် မြန်မာနိုင်ငံအတွင်း၌သာမက ASEAN ဒေသအတွင်းရှိ အလုပ်အကိုင်ဈေးကွက်တွင်ပါ အသိအမှတ်ပြုခံရပြီး လွယ်ကူစွာ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်နိုင်ကြပါသည်။

**စက်မှုထူထောင်ရေး အခန်းကဏ္ဍ**

မြန်မာနိုင်ငံသည် (၂၀၂၅–၂၀၃၅) ကာလအတွင်း စက်မှုထွန်းကားရေး (Industrial Renaissance) ကို ဦးတည်ဆောင်ရွက်လျက်ရှိရာ နည်းပညာတတ်ကျွမ်း၍ စွမ်းဆောင်ရည်မြင့်မားပြီး ဖန်တီးနိုင်စွမ်းရှိသော ကျွမ်းကျင်ပညာရှင်များ အရေးတကြီး လိုအပ်လျက်ရှိပါသည်။ စက်မှုသင်တန်းကျောင်းများသည် စက်ရုံများ၌ နည်းပညာရှင် (Technician)၊ ကျွမ်းကျင်သူ (Foreman)၊ ကြီးကြပ်ရေးမှူး (Supervisor) စသည့် နေရာစုံအတွက် လေ့ကျင့်မွေးထုတ်ပေးခြင်းဖြင့် ဤကဏ္ဍ၏ အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ၎င်းတို့သည် ပညာရေး၊ နည်းပညာနှင့် ထုတ်လုပ်မှုကဏ္ဍတို့အကြား အရေးပါသော ဆက်သွယ်ရေးကွန်ရက်တစ်ရပ်အဖြစ် ဆောင်ရွက်ပေးနေပါသည်။

**စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု**

စက်မှုသင်တန်းကျောင်းမှ လေ့ကျင့်သင်ကြားထားသော ကျွမ်းကျင်လုပ်သားတစ်ဦးသည် ကျွမ်းကျင်မှုမရှိသော လုပ်သားငါးဦး၏ ထုတ်လုပ်မှုပမာဏတန်ဖိုးအား ဖြည့်ဆည်းပေးနိုင်စွမ်းရှိသည်ဟု ခန့်မှန်းကြပါသည်။ ထို့အပြင် သင်တန်းဆင်းပြီး လစာကောင်းမွန်စွာရရှိသူများ၏ ဝင်ငွေတိုးတက်မှုသည် မိသားစုအဆင့်နှင့် ဒေသအဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပါသည်။ ဤကဲ့သို့သော ခိုင်မာသည့်လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုသည် မြန်မာနိုင်ငံ၏ စက်မှုစီးပွားရေး ခိုင်မာတိုးတက်ရေးအတွက် အခြေခံအကျဆုံးသော တန်ဖိုးတစ်ရပ်ပင် ဖြစ်ပါသည်။

စက်မှုသင်တန်းကျောင်းများသည် မြန်မာနိုင်ငံ၏ စက်မှုပြုပြင်ပြောင်းလဲရေးအတွက် အဓိကမောင်းနှင်အားတစ်ရပ်ပင်ဖြစ်ပြီး ကျွမ်းကျင်သော၊ စည်းကမ်းရှိသော၊ ဆန်းသစ်တီထွင်နိုင်စွမ်းရှိသော နည်းပညာရှင်များကို မွေးထုတ်ပေးခြင်းဖြင့် **ပညာရေးနှင့် စီးပွားရေးကဏ္ဍကို ချိတ်ဆက်ပေးကာ** နိုင်ငံရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ **စာမျက်နှာ ၁၁ သို့** ☆

# ပဲခူးမြို့၌ (၃၆)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကျင်းပ

ပဲခူး နိုဝင်ဘာ ၂၀

(၃၆)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပဲခူးမြို့ မူလတန်းကြို(၂)မှ သားငယ်၊ သမီးငယ်လေးများက "ပြည်ထောင်စုကြီး ထာဝရတည်တံ့စေသား" သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကလေးသူငယ်များသည် အနာဂတ်ကို ပုံဖော်ထုဆစ်မည့်သူများဖြစ်၍ ငယ်စဉ်ကတည်းက နည်းမှန်လမ်းမှန်ဖြင့် စနစ်တကျပြုစုစောင့်ရှောက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့ကလေးများနေ့ဆောင်ပုဒ်အတိုင်း ကလေးသူငယ်များ၏ စကားသံများကို များများနားထောင်ပြီး ကလေးသူငယ်တစ်ဦးချင်းစီတိုင်း၏ လိုအပ်ချက်များဖော်ဆောင်ပေးခြင်း၊ အခွင့်အရေးမြှင့်တင်ပေးခြင်းနှင့် အကျိုးစီးပွား ရရှိခံစားနိုင်စေရေး ဝိုင်းဝန်းဖော်ဆောင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ် Video Clip ကိုပြသပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက "ပြည်ထောင်စုသွေး" သီချင်းဖြင့် ကပြ



ဖျော်ဖြေ တင်ဆက်ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသူများအား ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မော်လမြိုင်မြို့၌ (၃၆)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကျင်းပ



**မော်လမြိုင် နိုဝင်ဘာ ၂၀**

နိုဝင်ဘာ ၂၀ ရက်တွင် ကျရောက်သည့် (၃၆)နှစ်မြောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မော်လမြိုင်မြို့ အမှတ်(၂) မူလတန်းကြိုကျောင်းမှ သားငယ်၊ သမီးငယ်လေးများက "နိုင်ငံတကာ ရင်သွေးငယ်များ" တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကလေးသူငယ်ဥပဒေပါ ကလေးသူငယ် အခွင့်အရေးများကို ကလေးသူငယ်တိုင်း အပြည့်အဝခံစားခွင့်ရအောင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အရေးကိစ္စများကို လက်တွဲပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားပြီး ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကလေးငယ်လေးများအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မူလတန်းကြိုကျောင်းများမှ သားငယ်၊ သမီးငယ်လေးများက တေးသီချင်းများဖြင့် သရုပ်ဖော်ဖျော်ဖြေတင်ဆက်ကြရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖျော်ဖြေ တင်ဆက်သွားသည့် ကလေးငယ်လေးများအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မကွေးမြို့၌ (၃၆)နှစ်မြောက် ကလေးသူငယ်အခွင့်ရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကျင်းပ

မကွေး နိုဝင်ဘာ ၂၀

(၃၆)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံ တပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဥပဒေချုပ်၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီးအတွင်း ကလေးသူငယ်အရေးကို ဆောင်ရွက်နေကြသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ကလေးသူငယ်အခွင့်ရေးများဆိုင်ရာကော်မတီဝင်များ၊ ကလေးသူငယ်များနှင့်မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာမကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင့်လွင်က ကလေးသူငယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းများနှင့် မူလတန်းကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများ ဖွင့်လှစ်ပြီး နိုင်ငံ၏အနာဂတ်ဖြစ်သည့် ရင်သွေးငယ်များကို စနစ်တကျနည်းမှန်လမ်းမှန်ဖြင့် ပြုစုပျိုးထောင်ပေးစေလိုကြောင်း ပြောကြားပြီး ကမ္ဘာ့ကလေးများနေ့အထိမ်းအမှတ် Video Clip ကိုပြသသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မကွေးတိုင်းဒေသကြီး ကလေးပြုစုရေးဌာနနှင့် မကွေးမြို့နယ်အတွင်းရှိ မူလတန်းကြိုကျောင်းများမှသားငယ်၊သမီးငယ်လေးများ၏ တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ဖျော်ဖြေတင်ဆက်ကြသည့် သားငယ်သမီးငယ်လေးများအား ဂုဏ်ပြုဆုငွေနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)



# လွိုင်ကော်မြို့၌ (၃၆)နှစ်မြောက် ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ်(ကမ္ဘာ့ကလေးများနေ့)အခမ်းအနား ကျင်းပ

လွိုင်ကော် နိုဝင်ဘာ ၂၀

(၃၆)နှစ်မြောက် ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့၊ ပြည်နယ်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကလေးငယ်များနှင့် မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ လွိုင်ကော်မူလတန်းကြိုကျောင်း ရင်သွေးငယ်များက "လှမ်းလာခဲ့ပါ ကယားမြေ" သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ပြည်နယ်အတွင်းရှိ ကလေးငယ်များ၊ မသန်စွမ်းကလေးငယ်များ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကလေးငယ်များ၏ အနာဂတ်တွင် လူတော်လူကောင်းများ၊ နိုင်ငံ့သားကောင်းများဖြစ်လာအောင် တာဝန်ရှိသူများအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကပြဖျော်ဖြေကြသည့် ရင်သွေးငယ်လေးများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ရာ ကလေးငယ်များက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည်




(၃၆)နှစ်မြောက် ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ Video Clip ပြသမှု၊ အမှတ်(၇၂)ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးတပ်ဖွဲ့ တပ်တွင်းကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ရင်သွေးငယ်လေးများက "စည်းလုံးခြင်းအတွက်သီချင်း"၊ လွိုင်ကော်မူလတန်းကြိုကျောင်း ရင်သွေးငယ်လေးများက "ငိုင်ဂေါ်ဂျိန်းဖော" သီချင်းများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

